**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## စစ်ကောင်စီမှ လေးကေကော်မြို့သစ်အပေါ် တပ်အင်အား အလွန်အကျွံ အသုံးပြုတိုက်ခိုက်မှုနှင့်ပတ်သက်သည့် ထုတ်ပြန်ကြေငြာချက်

ရက်စွဲ - ဒီဇင်ဘာလ (၂၀) ရက်၊ ၂၀၂၂ ခုနှစ်

၁။ ဒူးပလာယာခရိုင်အတွင်းရှိ လေးကေကော်မြို့သစ်တွင် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုခံရခြင်း ကင်းလွတ်ရေးအတွက် တိမ်းရှောင်လာသူများဖြစ်သော နိုင်ငံရေးသမားများ၊ အကြမ်းမဖက်ဆန္ဒကျင်သူများ၊ တက်ကြွလှုပ်ရှားသူများ ခေတ္တခဏ ခိုလှုံနေကြသည်ကို မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ လူသားချင်း စာနာထောက်ထားမှု အခြေခံမှ ကာကွယ်စောင့်ရှောက်ပေးနေပါသည်။

၂။ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် ဖြစ်ပေါ်သော တိုက်ပွဲများသည် အဆိုပါ ခေတ္တခဏ တိမ်းရှောင်နေသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နေအိမ်များအား ရိုက်ချိုးဖျက်ဆီးပစ်ခြင်း၊ မိမိတို့၏တပ်ဖွဲ့ဝင်များအား စစ်ရေးအရ အင်အားသုံး ဖိအားပေးပြီး အကြမ်းဖက်တိုက်ခိုက်လာခြင်းကြောင့် KNU အနေဖြင့် မိမိကိုယ်မိမိ ခုခံကာကွယ်ရသည့်အခြေခံမှ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

၃။ တိုက်ပွဲများမှ ဘေးလွတ်ကင်းရာဖြစ်သော ထိုင်းနိုင်ငံဖက်ခြမ်းသို့ ထွက်ပြေးတိမ်းရှောင်သူ ပြည်သူလူထု (၃၀၀၀)ကျော်အား လူသားချင်းစာနာထောက်ထားမှုအခြေခံဖြင့် ခေတ္တလက်ခံနေရာချထားပေးသည့် ထိုင်းနိုင်ငံ အစိုးရနှင့် ထိုင်းပြည်သူလူထုအား ကျေးဇူးအထူးတင်ရှိပါသည်။ ဒီဇင်ဘာလ (၁၉)ရက်နေ့တွင်လည်း တိုက်ပွဲကြောင့် ထပ်မံ၍ ထွက်ပြေးတိမ်းရှောင်သူ (၂၀၀၀) ကျော်အားလည်း နယ်စပ်ဖြတ်ခွင့်ပေးသည့်အတွက် ထိုင်းနိုင်ငံအား ကျေးဇူးတင်ရှိသည့်နည်းတူ သင့်တော်သည့် နေရာထိုင်ခင်းချထားပေးမှု ရရှိရေးအတွက်လည်း မျှော်လင့်ပါသည်။

၄။ ပြည်တွင်းပြည်ပရှိ ကရင်အမျိုးသားများ၊ တိုင်းရင်းသားပြည်သူလူထုများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ လက်ရှိဖြစ်ပေါ်လာနေသော တိုက်ပွဲများအခြေအနေကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသော ပြည်သူလူထုများတို့၏ လိုအပ်သည့် အစားအသောက်၊ ဆေးဝါးနှင့် ယာယီခိုလှုံရေး လိုအပ်မှုများကို ပံ့ပိုးကူညီမှုများအတွက် အထူးကျေးဇူးတင်ရှိပြီး ဤကဲ့သို့သော ကူညီပံ့ပိုးမှုများအတွက် ဆက်လက်ပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားကြရန် အထူးတိုက်တွန်းလိုပါသည်။

၅။ ထို့အပြင် ယခုလတ်တလော ဖြစ်ပွါးနေသော တိုက်ပွဲများအတွက် KNU အနေဖြင့် သက်ဆိုင်သူများအား အောက်ပါအတိုင်း တောင်းဆိုအပ်ပါသည်။

က။ အိမ်နီးချင်း ထိုင်းနိုင်ငံအစိုးရအနေဖြင့် တိုက်ပွဲမှ ထွက်ပြေးတိမ်းရှောင်နေသူများအား နိုင်ငံတကာအဖွဲ့အစည်းများ၏ ဝင်ရောက်တွေ့ဆုံခွင့်နှင့် လိုအပ်သည့်အကူအညီများ ပေးအပ်နိုင်ရေးအတွက် ကူညီပံ့ပိုးမှုများစီစဉ်ဆောင်ရွက်ပေးရန်။

ခ။ စစ်ကောင်စီသည် ဆိုးဝါးပြင်းထန်သော လူသတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေမည့် လေကြောင်းတိုက်ခိုက်မှုများအား **လေးကေကော်** ဒေသတွင် အချိန်မရွေး ပြုလုပ်လာနိုင်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ဦးစီးလျှက် အရေးပေါ်အစည်းအဝေးများကျင်းပပြီး **လေကြောင်းပျံသန်းမှုကင်းမဲ့ဇုံ** အဖြစ် သတ်မှတ်ပေးရန်။

ဂ။ စစ်ကောင်စီအနေဖြင့် ကျဆင်းနေသည့် ဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်းသည့်အနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့ဝင်များအား တိုက်ပွဲဖြစ်ပွားရာ အဆိုပါ ဒေသများမှ ပြန်လည် ရုတ်သိမ်းသွားရန်။

ဃ။ စစ်ကောင်စီအတွင်းရှိ တပ်ဗိုလ်၊ တပ်မှူးများမှလည်း ကျရှုံးသည့်နိုင်ငံအဖြစ်သို့ ရောက်ရှိနေသော မိမိတို့၏ နိုင်ငံအား ပြန်လည်ကယ်ဆယ်သည့်အနေဖြင့် ပြည်သူလူထုဘက်တွင် ပူးပေါင်းပါဝင်သွားရန်။

၆။ စစ်ကောင်စီ၏ စစ်တပ်က အနာဂတ် နိုင်ငံရေးတွင် ပါဝင်စွက်ဖက်မှုများမှ ဆုတ်ခွါကြောင်း ကတိပေးလုပ်ဆောင်ခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်ခြင်းသည်သာလျှင် နှစ်ပေါင်း(၇၀)ကျော် ကြာမြင့်ခဲ့ပြီး ပိုမိုပြင်းထန်လာနေသည့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေး၏ အဖြေသာဖြစ်ကြောင်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ထုတ်ပြန်တောင်းဆိုပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
KNU ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁)(+ ၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅)(+ ၆၆ ၆၄၆ ၄၅၉ ၁၁၃)
(၃) ပဒိုစောတောနီး (+ ၆၆ ၆၃၀ ၂၀၂ ၄၁၁ )